ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား

မည်သည့်အပြစ်အကုသိုလ်သည်

အကြီးဆုံးဖြစ်ပါသနည်းဟုမေးလျှောက်ခဲ့ရာ ကိုယ်တော်ကအလ္လာဟ်အရှင်မြတ်သည် သင့်အားဖန်ဆင်းတော်မူသည့်

အရှင်ဖြစ်ပါလျက်

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား မည်သည့်အပြစ်အကုသိုလ်သည်
အကြီးဆုံးဖြစ်ပါသနည်းဟုမေးလျှောက်ခဲ့ရာ ကိုယ်တော်က အလ္လာဟ်အရှင်မြတ်သည်
သင့်အားဖန်ဆင်းတော်မူသည့် အရှင်ဖြစ်ပါလျက် သင်သည် အခြားအရာများကို
အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။ ကျွန်တော်က
မုချထိုအပြစ်သည် ကြီးမားပါသည်ဟု ပြောခဲ့သည်။ ကျွန်တော်က ထို့နောက်
မည်သည့်အပြစ်အကုသိုလ်သည် အကြီးဆုံးဖြစ်ပါနည်းဟု မေးလျှောက်ခဲ့ရာ ကိုယ်တော်က၎င်းနောက် သင့်သားသမီးက သင်နှင့်အတူခွဲဝေ စားသောက်ကြမည်ကို စိုးရိမ်၍ ၎င်းကို
သတ်ဖြတ်ခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။ ကျွန်တော်က ထို့နောက်
မည်သည့်အပြစ်အကုသိုလ်သည် အကြီးဆုံးဖြစ်ပါနည်းဟု မေးလျှောက်ခဲ့ရာ ကိုယ်တော်က
၎င်းနောက် သင့်အိမ်နီးချင်း၏ ဇနီးအား (ဇိနာ) တရားမဝင်ကာမမှု
ကျူးလွန်ခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အကြီးဆုံးအပြစ်အကုသိုလ်များနှင့်ပတ်သက်၍ လျှောက်ထားမေးမြန်းခြင်းခံရသည့်အခါ ဖြေကြားတော်မူသည်မှာ အပြစ်များအနက်အကြီးဆုံးမှာ (ရှိရ်က် အက္ကဗရ်) ဖြစ်သည်။ ဤသည် အသင့်အနေဖြင့် အရှင်မြတ်၏ဖန်ဆင်းမှုတွင်လည်းကောင်း၊ ခဝပ်ကိုးကွယ်မှု ခံထိုက်ခြင်းတွင်လည်းကောင်း၊ ဂုဏ်တော်နာမတော်များတွင်လည်းကောင်း အရှင်မြတ်နှင့်အတူ ဂုဏ်ရည်တူ၊ တွဲဖက်၊ ယှဉ်ဖက်ရှိသည်ဟုသတ်မှတ်ခြင်းဖြစ်သည်။ ထိုပြစ်မှုအပေါ် သောဝ်င်ဗဟ် အမှားဝန်ချတောင်းပန်မှုမပြုပါကအလ္လာဟ်အရှင်မြတ်သည် လုံးဝခွင့်လွှတ်တော်မူမည်မဟုတ်ပေ။ ရှိရ်က် အက္ကဗရ်ကျူးလွန်ထားသူသည် ထိုအခြေ အ နေ၌ပင် သေဆုံးသွားပါက ငရဲမီး၌ ထာဝရနေရမည်ဖြစ်သည်။ဒုတိယအကြီးဆုံး အပြစ်မှာ သားသမီးက မိမိနှင့်အတူခွဲဝေ စားသောက်မည်ကို စိုးရိမ်၍၎င်းကို သတ်ဖြတ်ခြင်းဖြစ်သည်။ ဟရာမ် တားမြစ်ထားသော အသက်တစ်ချောင်းကိုသတ်ဖြတ်ခြင်းဖြစ်သော်လည်း အသတ်ခံရသူသည် သတ်လိုက်သူ၏သားချင်းအရင်းအချာဖြစ်သောကြောင့် ၎င်း၏အပြစ်မှာ ပိုကြီးသွားသည်။ ထို့ပြင် သတ်သူ၏ရည်ရွယ်ချက်မှာလည်း အသတ်ခံရသူသည် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားသော ရိုဇီရိက္ခာကိုမိမိနှင့်အတူ ဝေမျှစားသောက်မည်ကို စိုးရိမ်သည့်အတွက် ဖြစ်သောကြောင့်အပြစ်ပို၍ကြီးသွားသည်။ တတိယအကြီးဆုံး အပြစ်မှာ လူတစ်ဦးအနေဖြင့် မိမိအိမ်နီးချင်း၏

ဇနီးအား (ဇိနာ) ကျူးလွန်ရန်၊ သူမအနေဖြင့် သူ့အားလက်ခံလာစေရန်အတွက်လှည့်ဖျားသိမ်းသွင်းကာ အိမ်နီးချင်း၏ဇနီးနှင့် (ဇိနာ) တရားမဝင်ကာမမှုကျူးလွန်ခြင်းဖြစ်သည်။ ဇိနာသည် ဟရာမ် ပြစ်မှုဖြစ်သည်။ သို့သော် ဇိနာကျူးလွန်ခံရသူမှာသာသနာက ကောင်းကျိုးပြုရန်၊ ကောင်းမွန်စွာ ဆက်ဆံရန် မှာကြားထားသောအိမ်နီးချင်း၏ ဇနီးဖြစ်သည့်အတွက် ၎င်း၏အပြစ်မှာ ပိုကြီးသွားသည်။

https://sunnah.global/hadeeth/my/show/5359